စဉ် ၁၂၂
၂၈-၁၂-၂၀၂၄

တရားမပုံစံအမှတ် ၉၄

တရားခွင်(၃)

**ရောင်းချရန်ကြော်ငြာစာ**

(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

**၂၀၁၉ ခုနှစ်၊ ဇာရီမှုအမှတ် - ၁၄**

| | | |
|---|---|---|
| မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်<br>မန္တလေးဘဏ်ခွဲ(၃)<br>(၎င်း၏ကိုယ်စား ဒေါ်ခင်ချောစုမောင်<br>ဘဏ်ခွဲတာဝန်ခံ) | နှင့် | ၁။ဦးစိုးနိုင်<br>၂။ဒေါ်အေးအေးခိုင်<br>(၎င်းတို့၏အခွင့်ရကိုယ်စားလှယ်<br>ဦးနေမျိုးအောင်) |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၊ တရားမကြီးမှုအမှတ် ၄၃/၂၀၁၈** အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို **၂၀၂၄** ခုနှစ်၊ **ဖေဖော်ဝါရီ** လ၊ **၁၉** ရက်၊ နံနက် **၁၀:၀၀** နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲ ဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**လေလံရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန်နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့် ပစ္စည်းအတွက်လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်း မပြုလျှင် တစ်ဖန် ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်းနေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကိုအထက်ပါနေ့ရက်များကိုပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်း ခြင်းခံရမည်။

**၂၀၂၃** ခုနှစ်၊ **ဒီဇင်ဘာ** လ **၂၈** ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင် ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

တံဆိပ်

၂၈ ၁၂ ၂၀၂၃

**(ရွှေဇီဇင်ဘာအောင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

**ပစ္စည်းစာရင်း**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ အကွက်အမှတ်(၁)၊ သပြေကုန်း၊ ဦးပိုင် အမှတ်(၁၁၆)၊ ဧရိယာ(၀.၀၈၃)ကေရှိ ဒေါ်အေးအေးခိုင်အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ အာရ်စီ(၂)ထပ် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များအားလုံး။

**လေလံကြမ်းခင်းဈေး – ကျပ်သိန်း (၆၃၀၀)( ကျပ်သိန်း ခြောက်ထောင့်သုံးရာတိတိ)**

**အရောင်းကြော်ငြာပြန်သွင်းရန်ရက်** – ၁၉-၁-၂၀၂၄

**ကြော်ငြာကပ်ရန်**

၁။ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်ရုံး ကြော်ငြာသင်ပုန်း ။

၂။ ဇမ္ဗူသီရိမြို့နယ်တရားရုံး ကြော်ငြာသင်ပုန်း။

၃။ အချင်းဖြစ်ပစ္စည်းတည်ရှိရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ကြော်ငြာသင်ပုန်း။

၄။ အချင်းဖြစ်ပစ္စည်း တည်ရှိရာနေရာ။

၅။ ရုံးလက်ခံ။